INTERNATIONAL IDEA INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

MELBOURNE FORUM
on Constitution-Building

THE UNIVERSITY OF MELBOURNE
CONSTITUTION TRANSFORMATION NETWORK

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ *အသေးစိတ်လေ့လာချက်* စာတမ်းအမှတ်(၄) ဩဂုတ်လ၊ ၂၀၂၁ ခုနှစ်

# တိုင်ပင်ဆွေးနွေးခြင်း၊ စဉ်းစားဆင်ခြင်ခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းပုံစံများ – ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရာတွင် ပြည်သူလူထု တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်း


### အကျဉ်းချုပ်

ပြည်သူလူထု တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်သည် ၂၁ ရာစုအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရာ၌ အသုံးပြုသည့်လုပ်ဆောင်ချက် အားလုံးနီးပါး၏ အင်္ဂါရပ်တစ်ခုဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ *အသေးစိတ်လေ့လာချက်စာတမ်း*တွင် ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်ဆိုင်ရာ မတူကွဲပြားသော ပုံစံ ၃ မျိုးဖြစ်သော ဆွေးနွေးတိုင်ပင်ခြင်း၊ စဉ်းစားဆင်ခြင်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့အား ဆန်းစစ်သုံးသပ်ထားသလို အလုံးစုံပါဝင်နိုင်သော၊ အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထု တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်အား အားပေးမြှင့်တင်သည့် နည်းလမ်းများအား သတ်မှတ်ဖော်ထုတ်ထားပါသည်။



### စာရေးသူအကြောင်း

ဤဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ *အသေးစိတ်လေ့လာချက်စာတမ်း*တွင် ဖော်ပြထားသောအကြောင်းအရာများကို Anna Dziedzic က ရေးသားထားပါသည်။ ၎င်းသည် အာရှနှင့် ပစိဖိတ်နိုင်ငံများတွင် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်မှ ၂၂ ရက်နေ့အထိ ကျင်းပခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းဆိုင်ရာ ၄ ကြိမ်မြောက် မဲလ်ဘုန်းဖိုရမ်မှ ဆွေးနွေးချက်များအား ကောက်နှုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။


### ဤစာစဉ်များအကြောင်း

**အာရှနှင့် ပစိဖိတ်ဒေသတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းဆိုင်ရာ မဲလ်ဘုန်းဖိုရမ်**သည် Constitution Transformation Network (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကွန်ရက်) နှင့် International IDEA တို့ ပူးပေါင်းစီစဉ်လုပ်ဆောင်သော စင်မြင့်တစ်ခုဖြစ်သည်။

၎င်းသည် ဒေသတစ်ဝှမ်းရှိ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းဆိုင်ရာ ပညာရှင်များနှင့် လက်တွေ့လုပ်ဆောင်သူများအား အတူတကွစုဝေးကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ကမ္ဘာလုံး ကျယ်ကျယ်ပြန့်ပြန့် နားလည်နိုင်စေရန် အရေးကြီးသည့်အကြောင်းအရာများအပေါ် အတွေးအမြင်များ မျှဝေဖလှယ်နိုင်စေရန် ရည်ရွယ်သည်။

ဤစာစဉ်များသည် မဲလ်ဘုန်းဖိုရမ်တွင် ဆွေးနွေးခဲ့သော အတွေးအမြင်များကို လွယ်လင့်တကူလက်လှမ်းမီသိရှိနိုင်စေရန် လက်တွေ့အခြေပြုနည်းလမ်းဖြင့် ထည့်သွင်းဆွေးနွေးထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသေးစိတ်လေ့လာချက်များ ကို ပိုမိုဖတ်ရှုလို၍ဖြစ်စေ မဲလ်ဘုန်းဖိုရမ်အကြောင်း ပိုမိုလေ့လာလို၍ဖြစ်စေ Constitution Transformation Network (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကွန်ရက်)၏ အောက်ပါဝဘ်ဆိုဒ်သို့ သွားရောက်လေ့လာနိုင်ပါသည်။

<http://law.unimelb.edu.au/constitutional-transformations #mf >

## နိဒါန်း

ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးဖြစ်စဉ်၏ အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် သတ်မှတ်နိုင်ပါသည်။ ၂၁ ရာစုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုတိုင်းနီးပါးသည် ပြည်သူလူထုများအနေဖြင့် ထိုလုပ်ငန်းစဉ်တွင် ပါဝင်နိုင်ရန်အတွက် အခွင့်အရေးရှိပါသည်။ အများပြည်သူဆိုင်ရာအရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်နိုင်သည့်အခွင့်အရေးအား နိုင်ငံတကာက အသိအမှတ်ပြုထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပြည်သူလူထုပါဝင်ဆောင်ရွက်ခြင်းသည် အလေ့အထကောင်းအဖြစ် အများသဘောတူ လက်ခံထားပါသည်။

ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းလုပ်ငန်းစဉ်တွင် လူအများပါဝင်ခွင့်ရခြင်း သို့မဟုတ် နိုင်ငံသားများ ပါဝင်ခွင့်ရခြင်းဖြစ်သလို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြင်ဆင်ခြင်း၏ အရေးပါသော အစိတ်အပိုင်းလည်းဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးတွင် ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းသည် ရွေးချယ်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များ သို့မဟုတ် တိုင်းပြုပြည်ပြုလွှတ်တော်မှတဆင့် ဆောင်ရွက်ခြင်းကဲ့သို့ တိုက်ရိုက်မဟုတ်သော ပြည်သူလူထု ပါဝင်ဆောင်ရွက်ခြင်းပုံစံနှင့် နှိုင်းယှဉ်လျှင် မတူကွဲလွဲတတ်ပါသည်။ ကိုယ်စားပြုခြင်းမှတဆင့် ပြည်သူလူထုပါဝင်ဆောင်ရွက်ခြင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသေးစိတ်လေ့လာချက်စာတမ်း၏ အကြောင်းအရာအဖြစ် လေ့လာဆွေးနွေးထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသေးစိတ်လေ့လာချက်စာတမ်းသည် ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းနှင့်ဆက်စပ်သော အရေးကိစ္စငါးရပ်ကို ဆန်းစစ်သုံးသပ်ထားပါ

**ပြည်သူလူထုတိုက်ရိုက်ပါဝင် ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်သည် တရားဝင်မှုအားကောင်းစေခြင်း၊ နိုင်ငံ၏ မူပိုင်ဆိုင်မှုအား အထောက်အပံ့ဖြစ်စေခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံများသည် ပြည်သူလူထု ၏ လိုအပ်ချက်များအား ထင်ဟပ် စေခြင်းတို့ ဖြစ်စေပါသည်။**

သည်။ ၎င်းတို့မှာ (က) ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းတွင် ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်၊ (ခ) ပြည်သူလူထုပါဝင်ဆောင်ရွက်ခြင်းအား ဆန်းစစ်ဝေဖန်ခြင်း၊ (ဂ) ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ မတူကွဲပြားသော အမျိုးအစားများ၊ (ဃ) အလုံးစုံပါဝင်ခွင့်ရသော ပါဝင်ဆောင်ရွက်ခြင်းနှင့် (င) ပြည်သူလူထုပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ ဦးတည်ချက်လားရာများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ အလွတ်သဘောလမ်းကြောင်းများတို့ ဖြစ်ကြပါသည်။

## ၁။ ပြည်သူလူထု ပါဝင်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်

ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးတွင် ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ရေးအတွက် အကြောင်းပြချက်မြောက်များစွာ ရှိပါသည်။ ပထမအချက်အားဖြင့် ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စီမံဆောင်ရွက်ချက်အသစ်များအတွက် တရားဝင်မှုကိုအားကောင်းစေပါသည်။ ၎င်းသည် ဒီမိုကရေစီစနစ်တစ်ခု၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ "ပြည်သူလူထုအားဖြင့် ပြည်သူ့အတွက်" ရေးဆွဲထားသည်ဟူသော အမှတ်သင်္ကေတဆိုင်ရာ၊ သီအိုရီဆိုင်ရာအိုင်ဒီယာအား လက်တွေ့ဖော်ပြချက်တစ်ခုဖြစ်ပါသည်။ အချို့လူအုပ်စုများအား သမိုင်းအစဉ်အလာအရ ဖယ်ကြဉ်ထားသော သို့မဟုတ် ချိုးနှိမ်သောနေရာတွင် တရားဝင်မှုအားကောင်းစေရန်အလို့ငှာ အလုံးစုံပါဝင်ခွင့်ပြုသော ပူးပေါင်းဆောင်ရွက်ခြင်းသည် အဓိကအားဖြင့် အရေးကြီးနိုင်ပါသည်။

ဒုတိယအချက်အားဖြင့် ပြည်သူလူထု တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်နှင့် ရေးဆွဲရရှိလာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအား တစ်မျိုးသားလုံးပိုင်ဆိုင်သည်ဟူသော ခံစားမှုရရှိစေရန် အထောက်အပံ့ပေးပါသည်။ ၎င်းသည် ကျဉ်းမြောင်းသော ကိုယ်ကျိုးစီးပွားများအတွက်သာ တွေးဆတတ်သော နိုင်ငံရေးအင်အားစုများ၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် အထက်တန်းလွှာမှပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူများက လက်ဝါးကြီးအုပ်လွှမ်းမိုးမှုရှိသော လုပ်ငန်းစဉ်အားချေဖျက်ရန်အတွက် ကူညီပေးနိုင်ပါသည်။ ပြည်သူလူထုပါဝင်ဆောင်ရွက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆက်စပ်၍ ပြည်သူလူထု အသိပညာတိုးပွားစေသလို ဖွဲ့စည်းပုံအခြေခံဥပဒေအား ပိုင်ဆိုင်မှုရှိရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအကောင်အထည်ဖော်မှုအား စောင့်ကြည့်လေ့လာရန် လူထုအားလုပ်ပိုင်ခွင့်ပေးခြင်းအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအား တာဝန်ခံမှုရှိစေခြင်းတို့ကို အားကောင်းစေပါသည်။

တတိယအချက်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အကြောင်းအရာများသည် ပြည်သူလူထု၏ လိုအပ်ချက်များနှင့် လိုလားချက်များအား ထင်ဟပ်ဖော်ပြမှုရှိစေရန် ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းက သေချာစေပါသည်။ သတိမပြုမိသော အရေးကိစ္စများအား ပြည်သူလူထုက သတ်မှတ်ဖော်ထုတ်နိုင်သလို ပညာရှင်များ သို့မဟုတ် နိုင်ငံရေးအင်အားစုများ၏ ဦးစားပေးလုပ်ငန်းတွင် မပါဝင်သော်လည်း ပိုမိုနှစ်လိုဖွယ်ကောင်းသည့် ဖြေရှင်းချက်များအပေါ် အာရုံစိုက်စေရန် လမ်းကြောင်းတည့်မတ်ပေးနိုင်ပါလိမ့်မည်။

ပြည်သူလူထု တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းသည် မကောင်းသော ရည်မှန်းချက်များအတွက်လည်း အကျိုးဖြစ်ထွန်းတတ်ပါသည်။ ၎င်းဖြစ်စဉ်အား အင်အားကြီးသော နိုင်ငံရေးအင်အားစုများက ၎င်းတို့လိုလားသော ရလဒ်တစ်ခုအတွက် လူထုကအတည်ပြုထောက်ခံပေးသည်ဟု ထုတ်ပြန်ကြေညာခြင်း သို့မဟုတ် ဖြစ်စဉ်အား လွှန်ကဲစွာနှောင့်နှေးကြန့်ကြာစေခြင်းတို့ဖြင့် အလိုကျခြယ်လှယ်တတ်ပါသည်။

**ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်သည် အင်အားကြီးမားသော နိုင်ငံရေးအင်အားစုများ၏ ခြယ်လှယ်မှုကို ခံရနိုင်သည့် အန္တရာယ်ရှိကာ ထိုလုပ်ငန်းစဉ်သည် 'box ticking (ပေးထားချက်အားအမှန်ခြစ်ခြင်း)' အဖြစ်သဘော ဆောင်ရွက်သည့် လုပ်ရပ်သက်သက် ဖြစ်လာနိုင်သလို ပြည်သူလူထုမှ လက်တွေ့မဆန်သော မျှော်မှန်းချက်များ ရှိလာတတ်ပါသည်။**

## ၂။ ဆန်းစစ်ဝေဖန်မှုများနှင့် အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထု ပါဝင်ဆောင်ရွက်ခြင်း

ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းအပေါ် ဆန်းစစ်ဝေဖန်ခြင်းများသည် ပြည်သူလူထုပါဝင်ဆောင်ရွက်ခြင်း၏ အရည်အသွေးနှင့် ဖြစ်လာနိုင်ချေရှိသော ဘေးအန္တရာယ်များအား စီမံခန့်ခွဲရန်လိုအပ်မှုအပေါ်တွင် အလေးထားသည်။ ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းသည် အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းဆိုင်ရာ အထက်မှအောက်သို့ လုပ်ဆောင်ခြင်းဖြစ်စဉ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်လျှင် အများပါဝင်မှုရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလိုအပ်ချက်ကို အပြင်ပန်းအရ ဖြည့်ဆည်းရန်အတွက်မျှသာ ဆောင်ရွက်သည့် 'box-ticking (ပေးထားချက်အား အမှန်ခြစ်ခြင်း)' လုပ်ရပ်ဖြစ်တတ်ပါသည်။ ထိုသို့သော အခြေအနေမျိုးတွင် လူအများသည် 'ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာအလေ့အထ၌ ပါဝင်ရုံသက်သက်' ဖြစ်တတ်သည် (Saati 2017:31)။ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် ပြည်သူလူထုအနေဖြင့် ကန့်သတ်ချက်ရှိသော အကြံပြုချက်နှင့် ဩဇာသက်ရောက်မှု အကန့်အသတ်သာရှိသောနေရာတွင် ပါဝင်ဆောင်ရွက်ခြင်းသည် ဘောင်ဝင်ရုံလုပ်ဆောင်သည့် အခြေအနေဖြစ်တတ်သည်။

ပြည်သူလူထုက မတန်တဆဩဇာလွှမ်းမိုးမည်ကို စိုးရိမ်ပူပန်သည့်အခြေအနေလည်း ရှိနိုင်ပါသည်။ အထူးသဖြင့် လူများစုဆန္ဒကိုအခြေခံသည့် ပုံစံစနစ်များတွင် ပြည်သူလူထုပါဝင်ဆောင်ရွက်ခြင်းသည် လူကြိုက်မများသော်လည်း အမှန်တကယ်လိုအပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများအား ဖယ်ထုတ်ခြင်းမျိုးဖြစ်တတ်ပါသည်။ ပြည်သူလူထု၏အမြင်သဘောထားများနှင့် နှစ်သက်လိုလားမှုများသည် အရင်းအမြစ်တစ်ခုတည်းသာ ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူများသည် သုတေသနသုံးသပ်ချက်များ၊ ပညာရှင်အကြံပြုချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအကောင်အထည်ဖော်ဆောင်ရေးအတွက် အဓိကတာဝန်ရှိသော နိုင်ငံရေးခေါင်းဆောင်များအကြား ညှိနှိုင်းဆောင်ရွက်မှုအားဖြင့် ထိန်းကြောင်းဆောင်ရွက်သင့်ပါသည်။ ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းသည် အခြေအနေအားလုံးတွင် လူထု၏သဘောထားအမြင်များ အားကောင်းလွှမ်းမိုးလိမ့်မည် သို့မဟုတ် အားကောင်းလွှမ်းမိုးသင့်သည်ဟူသော လက်တွေ့မကျသည့် မျှော်လင့်ချက်များအား ဖန်တီးနိုင်ပါသည်။

အကယ်၍ ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ ရည်ရွယ်ချက်အား အခြားနည်းလမ်းများအားဖြင့် အထမြောက်အောင်လုပ်နိုင်လျှင် ထိုသို့သော ပါဝင်ဆောင်ရွက်ခြင်းသည် လိုအပ်ချက်တစ်ရပ်မဖြစ်နိုင်ပေ။ ဥပမာပေးရလျှင် အချို့သောအခြေအနေများအရ နိုင်ငံရေးနှင့် အကျိုးစီးပွားဆိုင်ရာ အုပ်စုကိုယ်စားပြုမှု အားကောင်းသော ထုံးတမ်းအစဉ်အလာရှိသည့်နေရာမျိုးတွင် ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းသည် အဆင့်မြင့်ဦးစားပေးတစ်ခု ဖြစ်ကောင်းမှ ဖြစ်ပေလိမ့်မည်။ ပဋိပက္ခသက်ရောက်သော အခင်းအကျင်းများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာစီမံဆောင်ရွက်မှုအသစ်တို့အား ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခု၏ အစိတ်အပိုင်းအဖြစ် ညှိနှိုင်းဆောင်ရွက်ကြသည့်နေရာတွင် ငြိမ်းချမ်းရေးရရှိရေးဆိုင်ရာ အကျိုးမျှော်မှန်းချက်များသည် ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းအတွက် လမ်းဖွင့်ပေးသော ဖြစ်စဉ်၏အကျိုးရလဒ်များထက် ပိုမိုအလေးသာနိုင်ပါလိမ့်မည်။

ဤဆန်းစစ်ဝေဖန်ချက်များသည် ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ ရည်ရွယ်ချက်အား ရှင်းလင်းစွာသတ်မှတ်ဖော်ထုတ်ရန်နှင့် ထိုရည်ရွယ်ချက်များအတိုင်း ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်သူလူထုပါဝင်ဆောင်ရွက်ခြင်း၏ စနစ်ယန္တရားများချမှတ်ဖော်ဆောင်ဖို့လိုအပ်မှုအပေါ် မီးမောင်းထိုးပြနေပါသည်။ သို့သော် ၎င်းတို့အား ဖွဲ့စည်းပုံအခြေခံ

ဥပဒေတည်ဆောက်သည့် နိုင်ငံ၏အခြေအနေအကျင်းနှင့် လျော်ညီအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပြည်သူလူထု တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ အမျိုးအစားအား ရှင်းလင်းစွာ နားလည်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးဆိုင်ရာလုပ်ငန်းစဉ်၌ လူထု၏ အခန်းကဏ္ဍအတိုင်းအတာအား လူထုကနားလည်စေရန်အလို့ငှာ ပံ့ပိုးကူညီပေးပါသည်။ အပိုင်း ၃ သည် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးဆိုင်ရာလုပ်ငန်းစဉ်၌ ပြည်သူလူထု၏ သြဇာအာဏာအခန်းကဏ္ဍနှင့် အတိုင်းအတာအပေါ်အခြေခံ၍ ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ အမျိုးအစား ၃ ခုအား ဖော်ပြထားပါသည်။

**ဆွေးနွေးတိုင်ပင်ခြင်းပုံစံသည် တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖြစ်နိုင်ချေရှိသောအစီအမံသစ်များနှင့်ပတ်သက်၍ ပြည်သူလူထုထံမှ အချက်အလက်ရယူရေးအပေါ် အလေးပေးဆောင်ရွက်တတ်ပါသည်။**

## ၃။ ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာအမျိုးအစားများ

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းဆိုင်ရာလုပ်ငန်းစဉ်များ၌ ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းသည် ဖော်ပြပါအမျိုးအစား ၃ ခုမှ ၁ ခု တွင် ပါဝင်တတ်ပါသည်။ ၎င်းတို့မှာ တိုင်ပင်ဆွေးနွေးခြင်း၊ စဉ်းစားဆင်ခြင်ခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့ ဖြစ်ကြပါသည်။ ဤအမျိုးအစားတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းဆိုင်ရာလုပ်ငန်းစဉ်အပေါ်၌ ပြည်သူလူထုက သက်ရောက်မှုရှိနိုင်သော သြဇာအာဏာအမျိုးအစားအား အထူးပြုထားပါသည်။

### ၃.၁။ တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်

တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်၏ရည်ရွယ်ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အဆိုတင်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အပြောင်းအလဲတို့နှင့်ဆက်စပ်၍ ပြည်သူလူထုထံမှ အချက်အလက်နှင့် သဘောထားမှတ်ချက်ရယူရန် ဖြစ်ပါသည်။ တိုင်ပင်ဆွေးနွေးခြင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းလုပ်ငန်းစဉ်၏ အစောပိုင်းအဆင့်တွင်ပြည်သူလူထု၏ စိုးရိမ်ပူပန်မှုများ သို့မဟုတ် မျှော်မှန်းချက်များနှင့် ဆက်စပ်သော အချက်အလက်များနှင့် ၎င်းတို့ လိုလားသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ် သို့မဟုတ် ပြင်ဆင်ရေးဆွဲရေးဆိုင်ရာ အရေးကိစ္စအမျိုးအစားများအားသိရှိနိုင်ရန် အသုံးပြုနိုင်ပါသည်။ ပုံမှန်အားဖြင့် တိုင်ပင်ဆွေးနွေးခြင်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတစ်ခုအား ပြင်ဆင်ပြီးနောက်တွင် အထူးအဆိုပြုချက်များအပေါ် သဘောထားမှတ်ချက်များ ရယူနိုင်ရန်အလို့ငှာ ပြုလုပ်ကြပါသည်။

တိုင်ပင်ဆွေးနွေးခြင်းသည် ပြောဆိုဆက်ဆံမှုတွင် တစ်ဖက်သက် (တစ်လမ်းသွား) ပုံစံတစ်ခုဖြစ်ပြီး ထိုပုံစံတွင် ပြည်သူလူထုက ဆုံးဖြတ်ချက်ချမှတ်သူများအား အချက်အလက်ပေးသည့်ပုံစံဖြစ်သည်။ ဆုံးဖြတ်ချက်ချမှတ်သူများအနေဖြင့် ရရှိသောအချက်အလက်များအား မည်သို့အသုံးပြုကြောင်းကို ပြည်သူလူထုအားအစီရင်ခံရန် တာဝန်ရှိကောင်းရှိနိုင်သော်လည်း ထိုသို့အစဉ်အမြဲ အစီရင်ခံသည်တော့မဟုတ်ပေ။ ၎င်းတို့အနေဖြင့် တိုင်ပင်ဆွေးနွေးမှုများကို ကြားနာရန် တာဝန်ရှိသော်လည်း ပြည်သူလူထုကတင်ပြသော အတွေးအမြင်များ သို့မဟုတ် သဘောထားမှတ်ချက်များအပေါ် တုံ့ပြန်ဖြေကြားပေးရန် သို့မဟုတ် အရေးယူဆောင်ရွက်ရန် ဝတ္တရားမရှိပေ။

တိုင်ပင်ဆွေးနွေးရေးအတွက် စနစ်ယန္တရားများတွင် နှုတ်ဖြေ သို့မဟုတ် ရေးသားတင်ပြချက်များ၊ စစ်တမ်းများနှင့် မေးခွန်းဖြေကြားမှုများပါဝင်ပါသည်။ ဆက်ဆံပြောဆိုသည့်လမ်းကြောင်းတွင် လူမှုကွန်ရက်ကို အသုံးပြုမှုတိုးပွားလာပါသည်။ ဥပဒေအရ စည်းနှောင်မှုမရှိသော သို့မဟုတ် အကြံပေးသဘောဆန္ဒခံယူပွဲ (တခါတရံ လူထုဆန္ဒခံယူပွဲဟု ခေါ်သည်) တစ်ခုအား တိုင်ပင်ဆွေးနွေးခြင်းပုံစံတစ်ရပ်အဖြစ်အသုံးပြုကာ အထူးအရေးကိစ္စတစ်ရပ်ရပ်နှင့်ဆက်စပ်၍ ပြည်သူလူထု၏ အမြင်သဘောထားများအားရယူနိုင်ပါသည်။ ပိုမိုတက်ကြွမှုရှိသော တိုင်ပင်

ဆွေးနွေးသည့်စနစ်တစ်ခုမှာ မျက်နှာစုံညီဆွေးနွေးသည့် အစည်းအဝေးများဖြစ်သည်။ ၎င်းတွင် ပြည်သူလူထုအားလုံးရှေ့မှောက်၌ ကြားနာမှုဖြစ်စဉ်များ သို့မဟုတ် အထူးအုပ်စုများ သို့မဟုတ် ကိုယ်စားပြုအဖွဲ့အစည်းများဖြင့် အစည်းအဝေးထိုင် ဆွေးနွေးခြင်းများပါဝင်တတ်ပါသည်။

တိုင်ပင်ဆွေးနွေးသည့် စနစ်ယန္တရားများတွင် ပြည်သူများပါဝင်ဆောင်ရွက်ခြင်းသည် မိမိစိတ်ဆန္ဒအရပါဝင်ခြင်း ဖြစ်လေ့ရှိပြီး ထို့အတွက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးဖြစ်စဉ်နှင့် ၎င်းဖြစ်စဉ်တွင် မည်သည့်နည်းများဖြင့် ပူးပေါင်းပါဝင်နိုင်သည်ကို စိတ်ဝင်စားသော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသာ ယေဘုယျအားဖြင့် ပါဝင်တတ်ပါသည်။

## ၃.၂။ စဉ်းစားဆင်ခြင်ခြင်း လုပ်ငန်းစဉ်

**စဉ်းစားဆင်ခြင်ခြင်းပုံစံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အရေးကိစ္စများအား နက်ရှိုင်းစွာ စူးစမ်းလေ့လာရန်နှင့် ဖြေရှင်းချက်များအား သဘောတူညီမှုရယူရန်အလို့ငှာ ဆုံးဖြတ်ချက်ချမှတ်သူများနှင့် ပြည်သူလူထု အကြား နှစ်ဦးနှစ်ဖက် အပြန်အလှန် ပြောဆိုဆက်ဆံမှု ပါဝင်ပါသည်။**

ပြည်သူလူထု တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းနှင့် ဆက်စပ်သော စဉ်းစားဆင်ခြင်သည့် လုပ်ငန်းစဉ်ပုံစံများတွင် အရပ်သားပြည်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအတွက် အရေးကိစ္စများအား သတ်မှတ်ဖော်ထုတ်ရန်နှင့် ဦးစားပေးသတ်မှတ်ရန် အပြင် ဖြေရှင်းချက်များရရှိရန် ပညာရှင်များ၊ ဆုံးဖြတ်ချက်ချသူများနှင့် ပူးပေါင်းဆောင်ရွက်ကြပါသည်။ တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်နှင့်မတူသည်မှာ စဉ်းစားဆင်ခြင်သည့်လုပ်ငန်းစဉ်တွင် ဆုံးဖြတ်ချက်ချမှတ်သူများနှင့် ပြည်သူလူထုအကြား အပြန်အလှန် (နှစ်လမ်းသွား) ပုံစံမျိုး ပါဝင်ပြီး ၎င်းတို့အနေဖြင့် အရေးကိစ္စများအား နက်နက်ရှိုင်းရှိုင်းလေ့လာကြကာ နှစ်ဖက်သဘော တူညီသည့် အခြေအနေအား ရေးဆွဲချမှတ်ကြပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း၌ ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ရေးအတွက် စဉ်းစားဆင်ခြင်ခြင်းစနစ်ပုံစံများအား လက်တလော စမ်းသပ်လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုစနစ်ပုံစံများသည် မျက်နှာစုံညီစည်းဝေးတွေ့ဆုံမှုအပေါ် အခြေခံထားသော်လည်း စဉ်းစားဆင်ခြင်မှုပုံစံအား အထောက်အပံ့ဖြစ်စေသည့် အခြေအနေများနှင့် ဆန်းသစ်တီထွင်မှုများအား ထည့်သွင်းပေါင်းစပ်ထားပါသည်။

နိုင်ငံသားများညီလာခံ (citizens' assembly) ဟူသည်မှာ နိုင်ငံသားများအား အလျဉ်းသင့်သလို ရွေးချယ်ထားသော ကိုယ်စားပြုအုပ်စုတို့ တွေ့ဆုံစည်းဝေးမှုဖြစ်သည်။ ထိုသို့သော ညီလာခံကျင်းပချိန်တွင် အဖွဲ့ဝင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အရေးကိစ္စများအား လေ့လာခြင်း၊ စဉ်းစားဆင်ခြင်ခြင်းနှင့် အကြံပြုချက်ပေးခြင်းများ ပြုလုပ်ကြပါသည်။ ဥပမာ၊ အိုင်ယာလန်နိုင်ငံတွင် နိုင်ငံသားများညီလာခံများစွာအား ၂၀၁၆ ခုနှစ်ကတည်းက ကျင်းပခဲ့ကြသည်။ ထိုညီလာခံများသည် သန္ဓေဖျက်ချခြင်း၊ ဂျန်ဒါ တန်းတူညီမျှခြင်းနှင့် ဆန္ဒခံယူပွဲများ အသုံးပြုမှုကဲ့သို့သော မြောက်များစွာသော အရေးကိစ္စများစွာကို စဉ်းစားဆင်ခြင်ကြပါသည်။ သန္ဓေဖျက်ချခြင်းကဲ့သို့သော အချို့သောအရေးကိစ္စများနှင့်ဆက်စပ်၍ နိုင်ငံသားများညီလာခံများ၏ စဉ်းစားဆင်ခြင်မှုများသည် ကာလကြာရှည်ဖြစ်ပွားခဲ့သော နိုင်ငံရေးအကြပ်အတည်းများအားဖြိုချဖြေရှင်းရန် အထောက်အပံ့ပေးနိုင်ခဲ့ပြီး လူထုဆန္ဒခံယူပွဲ၌ သဘောတူညီချက်များအား ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ရေးအတွက် လုပ်ဆောင်နိုင်ခဲ့ပါသည်။

၎င်းနည်းစနစ်အား မွန်ဂိုလီးယားနိုင်ငံတွင် ပထမဦးစွာအသုံးချခဲ့ပြီး စဉ်းစားဆင်ခြင်မှု လုပ်ငန်းစဉ်ဆိုင်ရာ စစ်တမ်းကောက်ယူသူများက နိုင်ငံသားများအားအလျဉ်းသင့်သလို ရွေးချယ်ထားသော ကိုယ်စားပြုနမူနာအုပ်စုများကိုစုစည်းပြီး ထိုအရပ်သားအစုအဖွဲ့တို့အား အရေးကိစ္စများအပေါ် မျက်နှာစုံညီ၊ နက်ရှိုင်းစွာ စဉ်းစားဆင်ခြင်မှုမပြုမီနှင့် ပြုပြီးစစ်တမ်းကောက်ယူမှုများ ပြုလုပ်ခဲ့ပါသည်။ ဤဖြစ်စဉ်သည် အကျိုးစီးပွားအခြေပြု ပါတီအုပ်စုများနှင့် မိမိကိုယ်ကို အဆိုပြုသည့် ပါဝင်သူများထက် သာမန်အရပ်သားများအား ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်

ပြောင်းလဲရေးဆိုင်ရာ အစီအစဉ်ကိစ္စရပ်များအပေါ် လွှမ်းမိုးမှုရှိနိုင်ရန်ခွင့်ပြုပေးသည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ ပါဝင်ပတ်သက်သူများအနေဖြင့် စဉ်းစားဆင်ခြင်မှုများပြုလုပ်ပြီး သဘောထားအမြင်များ ဘေးကင်းလုံခြုံစွာအပြောင်းအလဲလုပ်နိုင်စေရန်လည်း ၎င်းဖြစ်စဉ်ကခွင့်ပြုပါသည်။ ဥပမာ၊ မွန်ဂိုလီးယားနိုင်ငံတွင် စဉ်းစားဆင်ခြင်သည့်လုပ်ငန်းစဉ်အား အစမ်းပြုလုပ်ပြီးချိန်တွင် လွှတ်တော်နှစ်ရပ်စနစ်ဖန်တီးရေးနှင့် သမ္မတအား သွယ်ဝိုက်ရွေးချယ်ခြင်းဖြစ်စဉ်တို့ကို ထောက်ခံအားပေးမှုများသည် တဟုန်ထိုးထိုးကျသွားကြောင်း တွေ့ရပါသည်။

ထိုသို့သော စဉ်းစားဆင်ခြင်သည့်လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်သူများအား အချက်အလက်ပေးခြင်းနှင့် မေးခွန်းများရှိလျှင် ဖြေကြားပေးနိုင်သည့် ပညာရှင်များအသင့်ရှိစေခြင်း၊ မတူစုံလင်သည့်နောက်ခံများနှင့် အမြင်ရှုထောင့်များရှိသည့် အရပ်သားများ စုစည်းပေးခြင်းနှင့် ဆွေးနွေးမှုများနှင့် အပေးအယူညှိနှိုင်းမှုကိုအားပေးသည့် ပတ်ဝန်းကျင်အား ဖန်တီးအားပေးခြင်းတို့ဖြင့် ပံ့ပိုးပေးနိုင်ပါသည်။ မွန်ဂိုလီးယားနိုင်ငံအတွင်း ဆောင်ရွက်ခဲ့သည့် စဉ်းစားဆင်ခြင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်အရ "အကယ်၍ ပြည်သူလူထုသည် ၎င်းတို့၏အသံသည် အရေးပါသည်ဟု မှတ်ယူလက်ခံလျှင်... အကျိုးရလဒ်ရှိသည့် ဆွေးနွေးမှုများအား ၎င်းတို့အကြား တက်ကြွစွာ ဆွေးနွေးတိုင်ပင်ခြင်း၊ ပညာရှင်များအား အချက်အလက်ဆိုင်ရာမေးခွန်းများ မေးမြန်းခြင်းနှင့် ၎င်းတို့၏ ရပ်ရွာအသိုင်းအဝန်းအတွက် အကောင်းဆုံးဖြစ်စေမည့် ခက်ခဲသောဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့ကို လုပ်ဆောင်ပါလိမ့်မည်" ဟု ပြသနေပါသည် (Naran 2019: 26)။

ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ စဉ်းစားဆင်ခြင်သည့်လုပ်ငန်းစဉ်ပုံစံများသည် ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိသော အကြီးတန်းပုဂ္ဂိုလ်များအနေဖြင့် အချို့အကြောင်းကိစ္စများနှင့် လုပ်ငန်းစဉ်တို့အပေါ်ထိန်းချုပ်မှုအချို့ကို စွန့်လွှတ်ရန်လိုအပ်ပေလိမ့်မည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် စဉ်းစားဆင်ခြင်ခြင်းလုပ်ငန်းစဉ်မှတဆင့် ရရှိလာသောပြည်သူလူထု၏ သဘောထားအမြင်များသည် ရလဒ်အပေါ်ထင်ဟပ်နေမည်ဟူသည့် မျှော်မှန်းချက်များအား မြှင့်တင်ပေးနိုင်မည် ဖြစ်ပါသည်။

> **ပြည်သူလူထုသည် ဆုံးဖြတ်ချက်ချမှတ်သည့် ဖြစ်စဉ်တွင် တိုက်ရိုက်တာဝန်ယူမှု အခန်းကဏ္ဍ ရှိနိုင်ပါသည်။ အများအားဖြင့် ၎င်းတို့သည် ပြည်သူ့ဆန္ဒခံယူပွဲမှတဆင့် ပေါ်ပေါက်လာလေ့ရှိသည်။**

## ၃.၃။ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်

ပြည်သူလူထု တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ တတိယအမျိုးအစားမှာ ပြည်သူလူထုလက်အတွင်းသို့ ဆုံးဖြတ်ချက်ချမှတ်ခွင့်ပေးခြင်း ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရာ၌ ဤသို့သော ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာအမျိုးအစားအား ပြည်သူ့ဆန္ဒခံယူပွဲများဖြင့် ဆောင်ရွက်လေ့ရှိသည်။ အချို့သောနိုင်ငံများတွင် ဆန္ဒခံယူပွဲတစ်ခု၌ အတည်ပြုချက်ရယူခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြောင်းလဲရေးအတွက် ဥပဒေအရလိုအပ်ချက်တစ်ခုအဖြစ် ရှိနေတတ်သည်။

အချို့သောပြည်သူ့ဆန္ဒခံယူပွဲများသည် အကြံပြုချက်ပေးနိုင်သည့်အဆင့်သာရှိပြီး ပြည်သူ့ဆန္ဒခံယူပွဲရလဒ်အား အကောင်အထည်ဖော်ဆောင်ရန် ၎င်းတွင်ဥပဒေအရ လိုအပ်ချက်မရှိပေ။ သို့သော် အကြံပြုချက်ပေးသော ပြည်သူ့ဆန္ဒခံယူပွဲတစ်ခုသည် တိုင်ပင်ဆွေးနွေးခြင်းထက် ပိုသော ဆုံးဖြတ်ချက်ချခြင်းဆိုင်ရာပုံစံတစ်ခုအဖြစ် လုံလောက်သောနိုင်ငံရေးအလေးသာမှုကို ပေးပါသည်။

အထက်ပိုင်းခေါင်းဆောင်တစ်ဦး သို့မဟုတ် ကိုယ်စားပြုအင်စတီကျူးရှင်း တစ်ခုက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အသစ်အား ရေးဆွဲပြီးနောက်တွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်၌ ပြည်သူလူထုပါဝင်ဆောင်ရွက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းလုပ်ငန်းစဉ်၏ အဆုံးသတ်ပိုင်းသို့ ဦးတည်လေ့ရှိပါသည်။ သို့သော် တခါတရံတွင်မူ ဖွဲ့စည်းပုံ

အခြေခံဥပဒေပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်သည် ပြည်သူ့ဆန္ဒခံယူပွဲမှ အစပြုလာတတ်ပါသည်။ ဥပမာ၊ မိုက်ခရိုနီးရှား ဖက်ဒရယ်နိုင်ငံနှင့် ပလောင်းနိုင်ငံတို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအား အပြောင်းအလဲလုပ်လိုသလောဟု ပြည်သူများအား ကာလအပိုင်းအခြားဖြင့် မေးလေ့ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအဖွဲ့၌ အကြပ်အတည်းဖြစ်နေသည့် အခြေအနေများ၌လည်း ပြည်သူ့ဆန္ဒခံယူပွဲအားဖြင့် အဖြေရှာတတ်ပါသည်။ ဥပမာ၊ မော်လ်ဒိုက်နိုင်ငံတွင် ၂၀၀၇ ခုနှစ်၌ မော်လဒိုက်နိုင်ငံသားများအနေဖြင့် ပါလီမန်အုပ်ချုပ်ရေးစနစ် သို့မဟုတ် သမ္မတအုပ်ချုပ်ရေး စနစ်တို့ဖြင့် သွားသင့်မသင့်အပေါ် တိုင်းပြုပြည်ပြုလွှတ်တော်အတွင်း သဘောတူညီမှုမရဘဲ ကွဲပြားနေခဲ့ရာ ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အဆုံးအဖြတ်ပေးရန် ဆောင်ရွက်ခဲ့ဖူးသည်။

ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်၌ ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းသည် ပြည်သူလူထုအား ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေး၌ အရေးပါသောအခန်းကဏ္ဍ တစ်ခုပေးပါသည်။ သို့သော် ပြည်သူလူထုပါဝင်ခြင်းမရှိဘဲ ရေးဆွဲထားသောအဆိုပြုချက်အား အတည်ပြုရုံ သို့မဟုတ် ဆန့်ကျင်ရုံသာသတ်မှတ်ထားသော လူထုဆန္ဒခံယူခြင်းဖြစ်လျှင် ၎င်းသည် အကန့်အသတ်ရှိသော အခန်းကဏ္ဍသာ ဖြစ်တတ်ပါသည်။ မဲသာသည့်ဖက်က သို့မဟုတ် အချို့နေရာ၌ အထူးမဲအသာရမှ အနိုင်အဖြစ်သတ်မှတ်သော ပြည်သူ့ဆန္ဒခံယူပွဲမျိုးတွင် ပြည်သူများအကြား အကွဲအပြဲများ၊ အစွန်းရောက်အားပေးမှုများရှိလာနိုင်ပြီး လူနည်းစုများ၏ အသံနှင့် အကျိုးစီးပွားတို့သည် လျစ်လျူရှုခြင်းခံရနိုင်သည်။

**ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်သည် အချို့လူအုပ်စုများနှင့် သက်ဆိုင်သူများသာ ပါဝင်ခြင်းမဟုတ်ဘဲ ပြည်သူလူထုတစ်ရပ်လုံး အလုံးစုံ ပါဝင်နိုင်မည့် လုပ်ငန်းစဉ်များအတွက် ဖိတ်ခေါ်သည်။**

## ၄။ ပြည်သူလူထု တိုက်ရိုက်ပါဝင်ဆောင်ရွက်နိုင်သော အမျိုးအစားအား ဆုံးဖြတ်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်း၌ပါဝင်သော ပြည်သူလူထု တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ အမျိုးအစားအားရှင်းလင်းစွာနားလည်ခြင်းကြောင့် အကျိုးရလဒ်များစွာ ရှိပါသည်။ ပထမအချက်အနေဖြင့် ပြည်သူလူထုပါဝင်ဆောင်ရွက်ခြင်းနှင့် ဆက်စပ်သော ရည်မှန်းချက်ပန်းတိုင်များအား ရှင်းလင်းစွာနားလည်စေပါသည်။ ၎င်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း၌ ပြည်သူလူထု၏ အခန်းကဏ္ဍမျှော်မှန်းချက်နှင့် ၎င်းတို့ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ရလဒ်အပေါ် လွှမ်းမိုးမှုရှိနိုင်သည့် အတိုင်းအတာမျှော်မှန်းချက်များအား စီမံကိုင်တွယ်ရာ၌ အထောက်အကူပြုနိုင်ပါသည်။ ဒုတိယအချက်အားဖြင့် တိုင်ပင်ဆွေးနွေးခြင်း၊ စဉ်းစားဆင်ခြင်ခြင်း သို့မဟုတ် ဆုံးဖြတ်ချက်ချခြင်း စသည်တို့အားရွေးချယ်မှုသည် ပြည်သူလူထုပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ စနစ်ယန္တရားများနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များချမှတ်ရာတွင် အချက်အလက်ပေးစွမ်းနိုင်ပါသည်။ ပြည်သူလူထုပါဝင်ဆောင်ရွက်ရေးဆိုင်ရာ စနစ်ယန္တရားတစ်ခုသည် အမျိုးအစားတစ်ခုအတွင်းသို့ အလိုအလျောက်သက်ဆင်းသွားမည်မဟုတ်ပေ။ ဥပမာ၊ မျက်နှာစုံညီအစည်းအဝေးများသည် ဆွေးနွေးတိုင်ပင်ခြင်း သို့မဟုတ် စဉ်းစားဆင်ခြင်ခြင်းလုပ်ငန်းစဉ်များ ဖြစ်နိုင်သလို ပြည်သူ့ဆန္ဒခံယူပွဲတစ်ခုကိုလည်း ဆွေးနွေးတိုင်ပင်ခြင်းပုံစံ သို့မဟုတ် ဆုံးဖြတ်ချက်ချခြင်းဆိုင်ရာ နည်းတစ်ခုအဖြစ်အသုံးချနိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးဖြစ်စဉ်တစ်ခုတွင် ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ အမျိုးအစားတစ်ခုထက်ပို၍ ထည့်သွင်းတတ်သည့် အခြေအနေမျိုးသည် (ဥပမာ အဆိုပြုတင်ပြခြင်းပုံစံ၌ ဆွေးနွေးတိုင်ပင်ခြင်းများနှင့် ပြည်သူ့ဆန္ဒခံယူပွဲပုံစံ၌ ဆုံးဖြတ်ချက်ချနိုင်သော အစည်းအဝေးများ အစရှိသဖြင့် ပေါင်းစပ်ထားသည့် အခင်းအကျင်းသည်) တဖြည်းဖြည်း များပြားလာပါသည်။ တတိယအချက်အားဖြင့် ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်သည့် အချိန်ကာလသတ်မှတ်ရွေးချယ်မှုသည် တိုင်ပင်ဆွေးနွေးခြင်း၊ စဉ်းစားဆင်ခြင်ခြင်းနှင့်

ဆုံးဖြတ်ချက်ချမှတ်ခြင်းလမ်းစဉ်တို့အကြား လွှမ်းမိုးမှုရှိနိုင်ပါသည်။ စဉ်းစားဆင်ခြင်ခြင်းနည်းလမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်သည့် လုပ်ငန်းစဉ်အစောပိုင်းအဆင့်များ၌ ဆွေးနွေးမည့် ခေါင်းစဉ်အကြောင်းအရာအား ပုံသွင်းဆွေးနွေးနိုင်သည့် အခွင့်အရေးရသော နေရာတွင် ပိုမိုထိရောက်မှုရှိပါသည်။ ခေါင်းစဉ်အကြောင်းအရာများအား သတ်မှတ်ပြီးချိန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အပြောင်းအလဲများအား မူကြမ်းရေးဆွဲသတ်မှတ်ပြီးသည့်အချိန်တွင် ဆွေးနွေးတိုင်ပင်ခြင်းအား နှောင်းပိုင်းအဆင့်၌ ပြုလုပ်ခြင်းသည် သတ်မှတ်သောလိုအပ်ချက်ပြည့်မီရေးအတွက်သာလုပ်ဆောင်သည့် ‘box–ticking’ အဖြစ်သဘောဆောင်ရွက်သည့် လုပ်ရပ်အဖြစ် ယူဆခံရနိုင်သည့် အန္တရာယ်ရှိပါသည်။

## ၅။ အလုံးစုံပါဝင်နိုင်သော ပါဝင်ဆောင်ရွက်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်တစ်ခု၌ အသုံးပြုသော ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ မည်သည့်အမျိုးအစားမဆို လူထုအစိတ်အပိုင်းအချို့သာမက ပြည်သူလူထုတစ်ရပ်လုံး၏ အမြင်များအား ထင်ဟပ်မှုရှိစေရန်အလို့ငှာ ပြည်သူလူထုပါဝင်ဆောင်ရွက်ခြင်းလုပ်ငန်းအား အားလုံးစုံပါဝင်မှုရှိစေရန် အတတ်နိုင်ဆုံးလုပ်ဆောင်ဖို့ လိုအပ်ပါသည်။

ပုံမှန်အစိုးရအုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်တွင် ပြည်သူလူထုပါဝင်ဆောင်ရွက်စေရာ၌ ဆုံးဖြတ်ချက်ကြောင့် တိုက်ရိုက်သက်ရောက်မှုရှိနိုင်သည့် ပါဝင်ပတ်သက်သူများကိုသာ ပါဝင်ဆွေးနွေးရန် ယေဘုယျအားဖြင့် ကြိုးပမ်းလုပ်ဆောင်မှုရှိပါသည်။ အချို့ လူပုဂ္ဂိုလ်များနှင့် အစိုးရဌာနအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများကဲ့သို့သော အုပ်စုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအပြောင်းအလဲကြောင့် သိသာစွာတိုက်ရိုက်သက်ရောက်မှု ရှိကြပါသည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာမူဘောင်တွင် ပါဝင်ကြသော ဘဏ္ဍာရေးအရင်းအမြစ်ခွဲဝေသတ်မှတ်ခြင်း၊ နိုင်ငံရေးသြဇာအာဏာအား ထိန်းကျောင်းစောင့်ကြည့်ခြင်းနှင့် ထိန်းချုပ်ခြင်း သို့မဟုတ် အခွင့်အရေးရပိုင်ခွင့်များအား အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်ခြင်းနှင့် လက်တွေ့ကျင့်သုံးခြင်းတို့သည် လူတိုင်းအပေါ် သက်ရောက်မှုရှိနိုင်ပါသည်။

ပြည်သူလူထု တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းအား မိမိကိုယ်ကို ရွေးချယ်ပါဝင်ကြသော အကျိုးစီးပွားအခြေပြုအုပ်စုများဖြင့် တိုင်ပင်ဆွေးနွေးမှုထက်ကျော်လွန်ရန်ကြိုးစားပြီး ပြည်သူလူထု၏ အမြင်များအားပိုမိုရရှိလိုလျှင် ပြည်သူလူထုအနေဖြင့် အဓိပ္ပါယ်ပြည့်ဝသော နည်းလမ်းဖြင့်ပါဝင်နိုင်ရန်အလို့ငှာ ပြည်သူလူထုသည် အထူးကိစ္စရပ်များနှင့် အဆိုပြုချက်များနှင့် ဆက်စပ်သောအချက်အလက်များ ပိုမိုလိုအပ်ပါလိမ့်မည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အပြောင်းအလဲ၏အရေးပါမှုအား အကဲဖြတ်နိုင်ရန်အလို့ငှာ ပြည်သူလူထုအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု၏အကြောင်းနှင့် တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဖော်ပြချက်တို့ကို နားလည်သိရှိဖို့ အကူအညီများ လိုအပ်နိုင်ပါသည်။ ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာပုံစံအားလုံး၏ အောင်မြင်မှုသည် အချက်အလက်ပေးနိုင်မှုနှင့် နိုင်ငံသားအသိပညာပေးခြင်းအပေါ်တွင်အခြေခံသည်။ မိမိကိုယ်တိုင်နှင့် မိမိ၏လူ့အသိုင်းအဝန်းအတွက် အပြောင်းအလဲများကြောင့်ဖြစ်လာသော အထင်ကရသက်ရောက်နိုင်မှုအား မမြင်မိသောသူတို့အား လုပ်ငန်းစဉ်အရ လမ်းဖွင့်ပေးခြင်းအားဖြင့် အလုံးစုံပါဝင်သော ပါဝင်ဆောင်ရွက်ခြင်းရရှိစေရန် အထောက်အကူပြုပါသည်။

‘ပြည်သူလူထု’၏ အစိတ်အပိုင်းအဖြစ် မည်သူ့ကိုသတ်မှတ်သည်၊ ပြည်သူလူထုကိုယ်စားရပ်တည်ပြောကြားရန် မည်သူ့ကိုရွေးချယ်သတ်မှတ်မည် စသည့်အမြစ်တွယ်နေသော လူမှုရေးဆိုင်ရာ တန်းတူညီမျှမှုကင်းမဲ့ခြင်းများကြောင့် အလုံးစုံပါဝင်နိုင်သော ပါဝင်ဆောင်ရွက်ခြင်းအပေါ် သက်ရောက်မှုရှိနိုင်ပါသည်။ ထို့အပြင် ၎င်းသည် ပြည်သူလူထုပါဝင်ဆောင်ရွက်နိုင်မည့်အချိန်သတ်မှတ်ချက်နှင့် စနစ်ယန္တရားများနှင့် ဆက်စပ်သောရွေးချယ်မှုများကြောင့်လည်းသက်ရောက်မှုရှိနိုင်ပါသည်။ ပါဝင်ဆောင်ရွက်ခြင်းအတွက် အချိန်ပေးမှုတိုတောင်းလျှင် အရေးကိစ္စများအပေါ် သေချာစွာစဉ်းစားဖို့ အချိန်လိုအပ်သောသူများအား ဖယ်ကြဉ်သကဲ့သို့ ဖြစ်ပါလိမ့်မည်။ အလုံးစုံပါဝင်သော ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းဖြစ်ပေါ်ရေးအတွက်အမှန်တကယ်ရည်မှန်းချက်ရှိလျှင် သိသာလုံလောက်သောအချိန်တစ်ခု လိုအပ်ပါသည်။ မျက်နှာစုံညီအစည်းအဝေးများသည် တက်ရောက်သူများဘက်မှ အခြားဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် အချိန်များအားစွန့်လွှတ်ရန်လိုအပ်ပါသည်။ ပါဝင်ဆောင်ရွက်ရန်အတွက် အွန်လိုင်းစနစ်များကလည်း ဒစ်ဂျစ်တယ်အွန်လိုင်းပလက်ဖောင်းအား လက်လှမ်းမမှီနိုင်သည့်သူများအားဖယ်ထုတ်ထားရာ ရောက်ပြန်သည်။ အချက်အလက်ပေးသည့် ဘာသာစကားနှင့် အကြံပြုဆွေးနွေးသည့် ဘာသာစကားကွဲပြားလျှင်လည်း အချို့လူအုပ်စုများအားဖယ်ထုတ်ရာ ရောက်နိုင်ပါသည်။ ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်မှုတွင် အလုံးစုံပိုမိုပါဝင်စေရန်အလို့ငှာ မတူကွဲပြားသော ထိတွေ့ဆက်ဆံမှုများဆောင်ရွက်နိုင်ရန် လိုက်လျောညီထွေမှုရှိသည့် ပုံစံများနှင့်ပြည်သူအများရှေ့ ဆွေးနွေးပွဲများတွင် ရှေ့ထွက်မပြောနိုင်သော သို့မဟုတ် ထုတ်ဖော်ပြောလိုစိတ်မရှိသော လူအုပ်စုများအတွက် အထူးစီမံပေးမှုများဖြင့်ဆောင်ရွက်ပေးခြင်း စသည့် နည်းဥပမာများစွာရှိပါသည်။ အလုံးစုံပါဝင်သော ပြည်သူလူထုပါဝင်ဆောင်ရွက်ခြင်း အားကောင်းစေရန်ဆောင်ရွက်ချက်များအား အခင်းအကျင်းအလိုက်ဆောင်ရွက်ခြင်း၊ အစိုးရနှင့် နိုင်ငံသားများအကြားရင်းနှီးပြီးသား သို့မဟုတ် သမားရိုးကျဖြစ်သော ထိတွေ့ဆက်ဆံရေးနည်းလမ်းများအားအသုံးပြုခြင်းနှင့် လူမှုရေးအကွဲအပြဲများ၊ ဂျန်ဒါ သို့မဟုတ် လူမျိုးရေးနှင့် အခြားအချက်များအပေါ်အခြေခံ၍ ဖယ်ကြဉ်ခြင်းနှင့် အနိမ့်ခံရခြင်း၏ သဘောသဘာဝနှင့် အတိုင်းအတာအားအသိအမှတ်ပြုခြင်းတို့ လိုအပ်ပါသည်။

**ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်အား အောက်ခြေလူထု သို့မဟုတ် အလွတ်သဘော လမ်းကြောင်းများမှတဆင့် လုပ်ဆောင်လာသည့်ပုံစံမျိုး ပိုမိုများပြားလာသည်။ ၎င်းကို ‘နိုင်ငံသားအခြေပြု ဖွဲ့စည်းပုံအခြေခံဥပဒေဝါဒ’ ‘civic constitutionalism’ ဟု ထင်ဟပ်နားလည်နိုင်သည်။**

## ၆။ ခေတ်ကာလ အချိန်အခါ၏ အမှတ်သင်္ကေတတစ်ခု

ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းနှင့် ဆက်စပ်သော ဆုံးဖြတ်ချက်များအားဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးဆိုင်ရာ တရားဝင်လုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ်‘အထက်အောက်’ ပုံစံဖြင့်သာ ချမှတ်သည်မဟုတ်ပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြောင်းလဲရေးအတွက် ပြည်သူလူထု တိုက်ရိုက်ပါဝင်ဆောင်ရွက်မှုသည် အလွတ်သဘော သို့မဟုတ်အောက်ခြေအဆင့် စည်းရုံးလှုံ့ဆော်မှုများမှတဆင့် ပိုမိုများပြား ဖြစ်ပေါ်လာသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအပြောင်းအလဲဖြစ်စေရေးအတွက် အဆိုပြုလွှာပုံစံများ သို့မဟုတ်လူသိများသော ဆန့်ကျင်ဆန္ဒထုတ်ဖော်မှုများပုံစံဖြင့် စတင်ပေါ်ပေါက်လာနိုင်သည်။ ဥပမာ၊ထိုင်ဝမ်နိုင်ငံ၌ the Wild Lily and Sunflower protest movements (လီလီပန်းရိုင်းနှင့်နေကြာပန်းအမည်ရ ဆန္ဒထုတ်ဖော်လှုပ်ရှားမှုများ) သည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် တောင်းဆိုခဲ့ကြသည်။ အစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲရေးအတွက်ခေါင်းစဉ်အကြောင်းအရာများအား ရေးဆွဲနိုင်ရန်အလို့ငှာ ကျောင်းသားနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် လူထုအစည်းအဝေးပွဲများနှင့် အမြင်ချင်းဖလှယ်သည့် ဆွေးနွေးပွဲများအားစီစဉ်ကျင်းပလာကြသည်။

ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ အခြားပုံစံများတွင် ဥပဒေရေးရာနှင့် နိုင်ငံရေးရပ်ဝန်းများအား ဗျူဟာမြောက်အသုံးချ၍ လူနည်းစုများ သို့မဟုတ် ဖယ်ကြဉ်ခြင်းခံရသော လူအုပ်စုများအား ပါဝင်စေခြင်းဖြစ်သည်။ ဩစတြေးလျနိုင်ငံ၌ the First Nations Regional Dialogues ဒေသတွင်း နှီးနှောဖလှယ်ပွဲတွင် ဌာနေတိုင်းရင်းသားများအနေဖြင့် ၎င်းတို့လိုလားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အသိအမှတ်ပြုမှုနှင့်ပတ်သက်၍ တင်ပြဆွေးနွေးရန်ကြိုးပမ်းခဲ့ဖူးသည်။ ၎င်းအား ဌာနေတိုင်းရင်းသားခေါင်းဆောင်များက ဒီဇိုင်းရေးဆွဲလည်ပတ်လုပ်ဆောင်၍ အစည်းအဝေးတစ်ခုစီတိုင်းတွင် ဌာနေတိုင်းရင်းသား ကိုယ်စားလှယ်များ စုံညီစွာပါဝင်ဆွေးနွေးအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ထိုမှရရှိသော နှီးနှောဖလှယ်မှုများသည် ပြည်သူလူထုအနေဖြင့် စဉ်းစားချင့်ချိန်မှုရှိရှိ ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ ဥပမာကောင်းတစ်ခုဖြစ်ခဲ့ပြီး ဆွေးနွေးမှုတစ်ခုစီ၏ အကြောင်းအရာများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် နိုင်ငံသား အသိပညာပေးခြင်းတို့အတွက် ဌာနေတိုင်းရင်းသားတို့ အရေးဆိုတိုက်တွန်းခဲ့မှုသမိုင်းတို့ ထည့်သွင်းပါဝင်သည်။ ယင်းနောက် မတူကွဲပြားသော ရွေးချယ်မှုများအား အုပ်စုငယ်များဖွဲ့၍ဆွေးနွေးခဲ့ကြပြီး အုပ်စုတစ်ရပ်လုံးထံ ပြန်လည်အစီရင်ခံတင်ဆက်ခဲ့ကြသည်။ သို့သော် လက်ရှိအချိန်တွင် စိန်ခေါ်မှုမှာ ဌာနေတိုင်းရင်းသားများဦးစီးသည့်လုပ်ငန်းစဉ်တွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များအား ဩစတြေးလျအစိုးရနှင့် ဩစတြေးလျလူများစုတို့ လက်ခံလာအောင် စည်းရုံးဆွဲဆောင်ခြင်း ဖြစ်သည်။

အလွတ်သဘောဆွေးနွေးပွဲများနှင့် ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းအတွက် တရားဝင် စမ်းသပ်မှုပြုထားသောနည်းလမ်းများ ပေါ်ပေါက်လာမှုမှာ ကိုယ်စားပြုဒီမိုကရေစီနှင့် နိုင်ငံရေးရာခေါင်းဆောင်မှုတို့၌ အမြစ်တွယ်နေပြီဖြစ်သော ပုံစံများအား လူထုကမနှစ်မြို့လာသည်ဟူသည့် အမှတ်သင်္ကေတအဖြစ် ရှုမြင်နိုင်သည်။ ဤသဘောတရားအရ အစိုးရအတွင်း၌ ဒီမိုကရက်တစ်နည်းကျသော ပါဝင်လုပ်ကိုင်ခွင့်ပြန်လည်ရရှိရန် ပြည်သူများတောင်းဆိုရှာဖွေလာသောကြောင့် ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်တွင် အထိမ်းအမှတ်သဘောဆောင်သော မူတန်ဖိုးရှိပြီး ဖယ်ကြဉ်ခြင်းခံရသော လူအုပ်စုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ၎င်းတို့၏ရပ်တည်ချက်အား ပါဝင်ရန်ကြိုးပမ်းကြပါသည်။ ပြည်သူလူထုတိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းသည် Jiunn-Rong Yeh (2017) ၏ အဆိုဖြစ်သော 'နိုင်ငံသားအခြေပြုဖွဲ့စည်းပုံအခြေခံဥပဒေဝါဒ' 'civic constitutionalism' ဖွဲ့စည်းပုံအခြေခံဥပဒေ အားကောင်းရန်နှင့် ပုံသွင်းရန် ပြည်သူလူထု၏ အခြေခံအခန်းကဏ္ဍ ကို အားဖြည့်ပေးပါသည်။

## International IDEA အကြောင်း

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) သည် ကမ္ဘာတစ်လွှားတွင် ရေရှည်တည်တံ့သော ဒီမိုကရေစီစနစ်ပေါ်ထွန်းရေးကို အထောက်အပံ့ပေးရန် ရည်သန်ဆောင်ရွက်နေသည့် အစိုးရများအကြား ချိတ်ဆက်ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

## Constitution Transformation Network အကြောင်း

မဲလ်ဘုန်းဥပဒေကျောင်းအတွင်းရှိ Constitution Transformation Network (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကွန်ရက်) သည် သုတေသီများနှင့် လက်တွေ့ပညာရှင်များကို အတူတကွစုဝေးစေလျက် ဖွဲ့စည်းပုံအခြေခံဥပဒေအကူးအပြောင်းဆိုင်ရာဖြစ်ရပ်ကို လေ့လာနိုင်စေရန် ဆောင်ရွက်သည်။ <http://law.unimelb.edu.au/constitutional-transformations>

## ရှင်းလင်းချက်

International IDEA ၏ ပုံနှိပ်ထုတ်ဝေသော စာတမ်းများသည် မည်သည့်အမျိုးသားရေးနှင့် နိုင်ငံရေးရည်ရွယ်ချက်များ လုံးဝမပါဝင်ဘဲ ထုတ်ဝေသောစာစောင်များဖြစ်သည်။ ဤစာစောင်တွင်ဖော်ကျူးထားသော အမြင်ရှုထောင့် များသည် International IDEA ၏ ရှုထောင့်ကို သော်လည်းကောင်း၊ IDEA ၏ ဘုတ်အဖွဲ့ဝင်များ၏ရှုထောင့်ကိုသော်လည်းကောင်း ကိုယ်စားမပြုပါ။ ဤ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသေးစိတ်လေ့လာချက်စာစောင်အတွင်းတွင် ဖော်ပြထားသည့် အမြင်ရှုထောင့်များသည် ပံ့ပိုးကူညီသော နိုင်ငံများ၏ အမြင်ရှုထောင့်ကိုသော်လည်းကောင်း ကိုယ်စားပြုခြင်းမရှိပါ။

## မူပိုင်ခွင့်

© International IDEA နှင့် Constitution Transformation Network ၂၀၂၁ ခုနှစ်မူပိုင်ဖြစ်သည်။
© အင်္ဂလိပ်ဘာသာကို ၂၀၂၀ ခုနှစ်မူပိုင်ဖြင့် ထုတ်ဝေသည်။

ဤစာအုပ်ကို ကွန်ပျူတာဖိုင်အနေဖြင့် Creative Commons Attribute-NonCommercial-ShareAlike 3.0 (CC BY-NC-SA 3.0) licence ဖြင့် ရယူနိုင်ပါသည်။ စီးပွားဖြစ်လုပ်ဆောင်ခြင်း မဟုတ်လျှင်၊ ဤမူရင်းစာအုပ်ကို သင့်တင့်လျောက်ပတ်စွာ ရည်ညွှန်းဖော်ပြလျက် ကူးယူခြင်း၊ ဖြန့်ချီခြင်း၊ ပေးပို့ခြင်း၊ စာသားများ ပြန်လည်စီစဉ်ခြင်း၊ ဆီလျော်အောင် ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ပါသည်။ ယင်းတို့ ပြုလုပ်ဖြန့်ဝေမည်ဆိုပါက ဤခွင့်ပြုချက်လိုင်စင်ကိုပင် အသုံးပြု၍ ဖြန့်ဝေရန်ဖြစ်ပါသည်။
ဤခွင့်ပြုချက်လိုင်စင်အကြောင်း ပိုမိုသိရှိလိုပါက Creative Commons website <http://creativecommons.org/licenses/by-nc-sa/3.0/> တွင် လေ့လာနိုင်ပါသည်။

ISBN : 978-91-7671-458-4 (Print)
ISBN : 978-91-7671-459-1 (PDF)
DOI : https://doi.org/10.31752/idea.2021.75

## ကိုးကားချက်များနှင့် အခြားဖတ်ရှုစရာများ

Brandt, M. et al, *Constitution-Making and Reform: Options for the Process* (Geneva: Interpeace, 2011), <https://www.interpeace.org/resource/constitution-making-and-reform-options-for-the-process-2/>, accessed 15 September 2020

Naran, A., 'Insights for Design of Direct Public Participation: Mongolia as a Case Study', Melbourne Forum on Constitution Building, International IDEA and Constitution Transformation Network, 2019, <https://law.unimelb.edu.au/__data/assets/pdf_file/0006/3224463/MF19-Mongoliaa-paper.pdf>, accessed 15 September 2020

Saati, A., 'Participatory constitution building in Nepal—A comparison of the 2008–2012 and the 2013–2015 Process', *Journal of Politics and Law*, 10/4 (2017), pp. 29–39, <https://doi.org/10.5539/jpl.v10n4p29>

Samararatne, D., *Direct Public Participation in Constitution-Making*, Constitution Transformation Network Policy Brief, 1/2018, <https://law.unimelb.edu.au/__data/assets/pdf_file/0006/3037974/Policy-Brief-1-19-PublicParticipation.pdf>, accessed 15 September 2020

Yeh, J.-R., 'Marching towards civic constitutionalism with sunflowers', in B. C. Jones (ed.), *Law and Politics of the Taiwan Sunflower and Hong Kong Umbrella Movements* (London: Routledge, 2017), pp. 49–61, <https://doi.org/10.4324/9781315575063>

ဤစာတမ်းအား ဘာသာပြန်ထုတ်ဝေခြင်းကို နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဇင်ဘာ့ခ်အစိုးရ၊ ဖင်လန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆွီဒင်အစိုးရတို့မှပံ့ပိုးကူညီသည်။

Norwegian Embassy
LUXEMBOURG AID & DEVELOPMENT
Ministry for Foreign Affairs of Finland
Sweden Sverige